အမျိုးသမီးများအဖွဲ့ ချုပ် [မြန်မာနိုင်ငံ]

Women's League of Burma

## စစ်အစိုးရမှ နိုင်ငံတကာနှင့် လူထု၏ဆန္ဒကို အလေးမထားဘဲ ဖိနှိပ်မှုများဆက်လက်ပြုလုပ်နေပြီး တွေ့ဆုံဆွေးနွေးရေးအတွက် အချိန်ဆွဲနေခြင်းအပေါ် အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) ၏ ထုတ်ပြန်ကြေညာချက်

ရက်စွဲ – ၂၀၀၇ ခုနှစ် အောက်တိုဘာလ၊ ၂၆ ရက်

မြန်မာနိုင်ငံတွင် သံဃာတော်များ၏ ဦးဆောင်မှုဖြင့်ပေါ်ပေါက်ခဲ့ရသည့် ဆုတောင်း မေတ္တာပို့ လမ်းလျှောက် ဆန္ဒပြပွဲများကို စစ်အစိုးရက စတင်၍ အကြမ်းဖက်ဖြိုခွဲခဲ့သည်မှာ ဤနေ့တွင် (၁) လတင်းတင်း ပြည့်ခဲ့ပြီဖြစ်ပေသည်။ ငြိမ်းချမ်းစွာ ဆန္ဒပြပွဲများတွင် ပါဝင်သူ ရဟန်းရှင်လူအများ၊ ရှစ်ဆယ့်ရှစ်မျိုးဆက် ကျောင်းသားကျောင်းသူများ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အဖွဲ့ဝင်များနှင့် ဆန္ဒပြပွဲများတွင် ရဲဝံ့စွာဦးဆောင်မှု ပေးခဲ့ကြသော အမျိုးသမီးများအားလုံး၏ နှလုံးရည်စွမ်းအားကို မိမိတို့ အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ)မှ ဂုဏ်ပြုမှတ်ကျောက်တင်နေမည်ဖြစ်သည်။

ထိုသို့ ငြိမ်းချမ်းစွာမေတ္တာပို့ဆုတောင်းလမ်းလျှောက်ဆန္ဒပြနေသော သံဃာတော် အရှင် သူမြတ်များကို နိုင်ငံတကာက တုန်လှုပ်အံ့အားသင့်သွားရလောက်အောင် အကြမ်းဖက် ပစ်ခတ်ဖြိုခွဲမှုများ ပြုလုပ်ကျူးလွန်ခဲ့သည့် အကျိုးဆက်အဖြစ် စစ်အစိုးရ အပေါ် နိုင်ငံတကာမှ ပြစ်တင် ရှုတ်ချမှုများနှင့်အတူ ဒါဏ်ခတ်အရေးယူမှုများ ပိုမိုမြှင့်တင်လာသည့်အတွက် မိမိတို့အနေဖြင့် နှစ်ထောင်းအားရဖြစ်ရပါသည်။ သို့သော် ဤအခြေအနေ၌ စစ်အစိုးရက 'တွေ့ဆုံဆွေးနွေးရေး' စကားကို ဟန်ပြသာပြောဆို၍ လက်တွေ့၌ နိုင်ငံရေး အနှစ်သာရ လုံးဝမပါရှိသော ၎င်းတို့၏ လမ်းပြ မြေပုံ (၇)ချက်အတိုင်းသာ ဆက်သွားမည်ဟု ခေါင်းမာစွာ ပြောဆိုနေခြင်း၊ ဖွဲ့စည်းပုံရေး ဆွဲရေး ကော်မတီတခုကို (ပါဝင်နေသည့်ကော်မတီဝင်များပင်မသိဘဲ) ချက်ချင်းဖွဲ့စည်းလိုက်ခြင်း စသည့် လုပ်ရပ်များဖြင့် 'ငါ့မြင်းငါစိုင်း'မည့် ဟန်ရေးကိုသာ တွင်တွင်ပြနေသည်ကို မိမိတို့အားလုံး တွေ့ မြင်နေရသည်။

ထိုထက်ပို၍ဆိုးဝါးသည်မှာ ငြိမ်းချမ်းစွာ မေတ္တာပို့လမ်းလျှောက်ဆန္ဒပြပွဲများတွင် ပါဝင်သည့်သူများကို ဖမ်းဆီးအရေးယူမှု များ ပိုက်စိပ်တိုက်ပြုလုပ်နေပြီး၊ ဖမ်းဆီးထားသည့် အမျိုးသမီးများအား ရိုင်းစိုင်းစွာ ဆဲဆိုစော်ကား၍ အကြမ်းဖက် ရိုက်နှက်ခြင်း၊ အသက်အရွယ် ကြီးရင့်သော အမျိုးသမီးလူကြီးလူအိုများကိုပင် ရိုက်နှက်ညှင်းပမ်းမှုများပြုလုပ်ခြင်း၊ စသည့်လုပ်ရပ်များသည် လူထု နှင့် နိုင်ငံတကာမှတောင်းဆိုနေသော 'တွေ့ဆုံဆွေးနွေးရေး' ဟူသည့် ဦးတည်ချက်နှင့် လုံးဝဆန့်ကျင်နေသည်ဟု မိမိတို့ အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) မှ ထောက်ပြလိုသည်။ မိမိတို့အနေဖြင့်လည်း စစ်အစိုးရ၏ ဖမ်းဆီးထိန်းသိမ်းခြင်း ခံနေရသော ဒီမိုကရေစီရေးတက်ကြွသူ အမျိုးသမီးများ၊ သီလရှင်ဆရာလေးများ၊ ကိုယ်ဝန်ဆောင်မိခင်များ အားလုံးအတွက် လွန်စွာစိုးရိမ် ပူပန်မိပါသည်။ ထို့ကြောင့် လတ်တလော မေတ္တာပို့လမ်းလျှောက် ဆုတောင်းပွဲများအတွင်း ဖမ်းဆီးထိန်းသိမ်းခြင်း ခံနေရသော အမျိုးသမီးများအားလုံးထံသို့ နိုင်ငံတကာ ကြက်ခြေနီအဖွဲ့ (ICRC) အား သွားရောက်တွေ့ဆုံခွင့် ချက်ချင်းပေး၍ အမြန်ဆုံး ပြန်လွှတ်ပေးရန် စစ်အစိုးရအား တောင်းဆိုလိုက်သည်။

တချိန်တည်းမှာပင် စစ်အစိုးရသည် ငြိမ်းချမ်းစွာ ဦးဆောင် ဆန္ဒပြခဲ့သူ အမျိုးသမီးများ အား ကြီးမားသောရာဇဝတ်မှုများ ကျူးလွန်ထားသည့် တရားခံကြီးများအဖြစ်သတ်မှတ်၍ သဲသဲမဲမဲ အညှိုးတကြီး လိုက်လံရှာဖွေ၍ ဖမ်းဆီးအရေးယူမှုများ ပြုလုပ်နေ မှုများကိုလည်း ချက်ချင်း ရပ်တန့်ရန် တောင်းဆိုလိုက်သည်။ အောက်တိုဘာလ(၂၃) ရက်နေ့တွင် လတ်တလော တိမ်းရှောင်နေရ သော အမျိုးသမီးနိုင်ငံရေး လှုပ်ရှားသူများ မှလည်း ကမ္ဘာ့ကုလသမဂ္ဂနှင့် နိုင်ငံတကာ အဖွဲ့အစည်းများအား မြန်မာနိုင်ငံတွင်းရှိ နိုင်ငံရေးလှုပ်ရှားသူ အမျိုးသမီးများအပေါ် ဖမ်းဆီး အရေးယူမှုများရပ်တန့်ရန်နှင့် အညှိုးထားနှိပ်ကွပ်နေမှုများအပေါ် နိုင်ငံတကာမှ အကာအကွယ်ပေးပါရန် တောင်းဆိုချက် (၂) ရပ်အပေါ် ကမ္ဘာ့ကုလသမဂ္ဂ၊ အထွေထွေအတွင်းရေးမှူးချုပ်နှင့် အထူးကိုယ်စားလှယ်များမှ အလေးအနက်ထား၍ မိမိတို့အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ)၏ အထက်ပါ တောင်းဆိုချက်နှစ်ရပ်ကို စစ်အစိုးရက လုပ်ဆောင်လာစေရေးအတွက် အထူးတိုက်တွန်းပေးပါရန် အမျိုးသမီးများ အဖွဲ့ချုပ် (မြန်မာနိုင်ငံ)မှ လေးနက်စွာ မေတ္တာရပ်ခံအပ်ပါသည်။

ယခုကဲ့သို့ အကြမ်းဖက်ဖြိုခွဲခြင်း(၁)လပြည့်သည့်အချိန်အထိတိုင်အောင် နိုင်ငံရေးအရ အကျိုးရှိမည့် ဖြစ်ထွန်းမှု တစုံ တရာ လက်တွေ့လုပ်ဆောင်ခြင်းမရှိသည့်အပြင် လူထု၏ဆင်းရဲတော်မွတ် မှုများအား ငဲ့ကြည့်သိမြင်စေရေးအတွက် လူထုဆန္ဒပြပွဲ များကို ဦးဆောင်ဦးရွက်ပြုခဲ့ကြသော သံဃာတော်များအပါအဝင် လူထုသူရဲကောင်းများအား ထုံးစံအတိုင်း ရိုးအီနေသည့် မဟုတ်

မမှန်လုပ်ကြံစွတ်စွဲပြောဆိုပုတ်ခတ်နေမှုများသာ စစ်အစိုးရက ပြင်းထန်စွာ ပြုလုပ်နေသည်။ ထိုသို့ ပြုလုပ်နေခြင်းသည် လူထုဆန္ဒ သဘောထားများအား မေးမိုန်သေးသိမ်စေလိုသောရည်ရွယ်ချက်ဖြင့် ပြုလုပ်နေခြင်းဖြစ်ကြောင်းကိုလည်း ပြည်သူ တရပ်လုံး အတိ အလင်း နားလည်သဘောပေါက်ပြီး ဖြစ်သဖြင့် ဤနည်းဖြင့် ဆက်လက်အချိန်မဆွဲသင့်တော့ကြောင်း စစ်အစိုးရ အားနားလည် သိမြင်စေ လိုသည်။

ယခုအချိန်သည် နိုင်ငံ၏ရှေ့ရေးအတွက် အနှစ်သာရရှိသော တွေ့ဆုံဆွေးနွေးရေး စကားဝိုင်းများ စတင်ဆောင်ရွက်နိုင်ရန် အလွန်အရေးကြီးသောအချိန်ဖြစ်ပါသည်။ ဒေါ်အောင်ဆန်းစုကြည်နှင့် နအဖ ကိုယ်စားလှယ်များ တွေ့ဆုံနေပြီဖြစ်ကြောင်း အပေါ်ယံဆန်သည့် အသိပေးမှုမျိုး ဖြင့် လှည့်စားနေခြင်းများကိုလည်း ရပ်တန့်ရန်လိုအပ်ပါသည်။ တန်းတူရည်တူ တွေ့ဆုံဆွေးနွေး ရေးဖြင့် နိုင်ငံ၏ပြဿနာအဝဝကို အဖြေရှာနိုင်ရန် ပထမဆုံးခြေလှမ်းအဖြစ် ဒေါ်အောင်ဆန်းစု ကြည်အား နေအိမ်အကျယ်ချုပ်ဖြင့် ဖမ်းဆီးထားခြင်းမှ အမြန်ဆုံး လွှတ်ပေးရန် အမျိုးသမီးများအဖွဲ့ချုပ်(မြန်မာနိုင်ငံ)မှ လေးနက်စွာတောင်းဆိုပါသည်။ လက်ရှိနိုင်ငံရေး ဖြစ်ထွန်းမှု များအောက်တွင် နအဖစစ်အစိုးရအနေဖြင့် လုပ်ရိုးလုပ်စဉ်အတိုင်း ဆက်လက်အချိန်ဆွဲမနေဘဲ လက်တွေ့အပြု သဘောဆောင်သည့် ခြေလှမ်းသစ်များဖြင့် လူထု၏ ခါးသီးမှုများကို ကုစားရန် စတင်သင့်ပြီဖြစ်ကြောင်း မိမိတို့ အမျိုးသမီးများ အဖွဲ့ချုပ် (မြန်မာနိုင်ငံ) မှ ငြိမ်းချမ်းစွာ မေတ္တာ ပို့လမ်းလျှောက် ဆန္ဒပြပွဲများကို အကြမ်းဖက် နှိမ်နင်းခဲ့သည့် (၁)လပြည့်နေ့တွင် လေးနက်စွာ တိုက်တွန်းလိုက်ပေသည်။

အမျိုးသမီးများအဖွဲ့ချုပ်(မြန်မာနိုင်ငံ)

**ဆက်သွယ်ရန် –**
မသင်းသင်းအောင် Tel – 66 – 87 – 081 1289
နန်းဆိုင်နောင့် Tel – 66 – 81– 884 4963